# ဒီမိုကရေစီနိုင်ငံနှင့် ပညာရေးပြုပြင်ပြောင်းလဲမှု

သင်ရိုးညွှန်းတမ်းကို ဘယ်သူရေးမလဲ

ဒီလှိုင်း အတွဲ (၁)၊ အမှတ် (၃၂) တနင်္လာနေ့ ၂၇-၈-၂၀၁၂

မြန်မာနိုင်ငံ၏ လက်ရှိပညာရေးစံနစ်တွင် သင်ရိုးညွှန်းတမ်းဟူ၍ မည်မည်ရရ ပြစရာမရှိပါ။ အင်္ဂလိပ်စာ၊ သချာင်္၊ ပထဝီ၊ သိပ္ပံ အစရှိသည့် ဖတ်စာအုပ်များကိုသာ ပြနိုင်ပါသည်။ အဆိုပါ ဖတ်စာအုပ်များသည်လည်း အချက်အလက်များကိုသာ ဦးစားပေးပြီး၊ ကျောင်းသားများ၏ ဘဝတလျှောက်လုံးအတွက် လိုအပ်သည့် အသိပညာများနှင့် ကျွမ်းကျင်မှုများကို မပေးနိုင်ပါ။ ကျောင်းသားများက ဖတ်စာအုပ်တွင် ရေးထားသည့် အချက်အလက်များကို အလွတ်ကျက်မှတ်ရသည့် အလေ့အထကလည်း မြန်မာနိုင်ငံ ပညာရေးကို နှစ်ပေါင်း (၅၀) ကျော်လွှမ်းမိုးနေဆဲဖြစ်သည်။ အချက်အလက်များ သိဖို့လိုသည်ကို ကျွန်တော်မငြင်းပါ။ သို့ရာတွင် အချက်အလက်ကို သိရုံမျှနှင့် မလုံလောက်ပါ။ ဖတ်စာအုပ်တွင် ရေးထားသည့် အချက်အလက်များကလည်း ကျောင်းသားတစ်ယောက် အရွယ်ရောက်လျှင် သိသင့်သိထိုက်သည့် အချက်အလက်များ၏ ဆယ်ရာခိုင်နှုန်းမျှကိုပင် မပေးနိုင်ပါ။ အချက်အလက်များ အလွတ်မှတ်မိခြင်းထက် ပို၍အရေးကြီးသည်မှာ စဉ်းစားတွေးခေါ်မှုနှင့် လေ့လာသင်ယူခြင်း နည်းလမ်းများပင်ဖြစ်ပါသည်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့်အတူ ပညာရေးပြုပြင်ပြောင်းလဲမှုကိုလည်း တစ်ပါတည်းလုပ်ဆောင်ရပါမည်။ သင်ရိုးညွှန်းတမ်းကိုပြုပြင်ရန် လိုအပ်ကြောင်း ဤစာတမ်းက အဆိုပြုပါသည်။ သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အစဉ်အလာအားဖြင့် လေးမျိုးရှိပါသည်။ တချို့က ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုကို ဦးစားပေးကြမည်။ တချို့က လိမ္မာရေးခြားရှိမှုနှင့် ကိုယ်ကျင့်တရားကို ဦးစားပေးသည်။ တချို့က လက်တွေ့လေ့လာသင်ယူမှုကို ဦးစားပေးသည်။ တချို့က ပညာရေးကို လူမှုပြုပြင်ပြောင်းလဲရေးအတွက် အရေးကြီးသည်ဟု မြင်သည်။ သင်ရိုးညွှန်းတမ်း ဘယ်သူရေးမလဲဆိုသည့် မေးခွန်းကို ဤနေရာတွင် ဖြေကြားလိုပါသည်။ တစ်စုံတစ်ယောက်အား သင်ရိုးညွှန်းတမ်းရေးရန် တာဝန်ပေးလျှင် (သို့မဟုတ်) တစ်စုံတစ်ယောက်က ညွှန်ကြားလျှင် ထိုသူတန်ဖိုးထားသည့် အစဉ်အလာတစ်ခုခုက လွှမ်းမိုးနေမည်မှာ သေချာသည်။ ဤသို့ဖြစ်လျှင် အခြားအစဉ်အလာများကို တန်ဖိုးထားသူများနှင့် ကိုက်ညီမှု မရှိနိုင်တော့ပါ။ ထို့ကြောင့် သင်ရိုးညွှန်းတမ်း ရေးဆွဲတော့မည်ဆိုလျှင် ပညာရေးနှင့်သက်ဆိုင်သူအားလုံး ပါဝင်ရန် လိုအပ်သည်ဟု အတိုချုပ်၍ ဖြေကြားလိုပါသည်။ အကျယ်ဖြန့်၍ ဆွေးနွေးပါမည်။

သင်ရိုးညွှန်းတန်းတစ်ရပ်သည် သင်ယူသူ ကျောင်းသူ/ကျောင်းသားများကို ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ ပေးစွမ်းနိုင်ရန်အတွက် သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် ဘာသာရပ်အသီးသီး၌ ကျွမ်းကျင်သူပညာရှင်များ ပါဝင်သင့်သည်။ ကျောင်းသင်ပညာရေးမှ ကျောင်းသား/ကျောင်းသူလူငယ်များအား လိမ္မာရေးခြားရှိရန် ကိုယ်ကျင့်တရားကောင်းမွန်ရန်နှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေးစားလိုက်နာတတ်စေရန် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာပုဂ္ဂိုလ်များလည်း ပါဝင်ရပါမည်။ ပညာရပ်များသင်ယူရာတွင် စာတွေ့ သာမက လက်တွေ့ဖြင့်ပါ သင်ယူရန်လိုအပ်သဖြင့် ဘာသာရပ်နယ်ပယ်အသီးသီးနှင့် သက်ဆိုင်သည့် လုပ်ငန်းများတွင် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များလည်းပါဝင်သင့်ပါသည်။

တစ်ချို့က လူမှုရေးနှင့်နိုင်ငံရေးစနစ်များ ပြုပြင်ပြောင်းလဲရေးအတွက် ပညာရေးကိုယာဉ်အဖြစ် အသုံးပြုလိုကြသည်။ အထူးသဖြင့် အာဏာလက်ကိုင်ရရှိထားသူတို့က သူတို့၏နိုင်ငံရေးအယူဝါဒကို ကျောင်းသင ပညာရေးတွင် ထည့်သွင်းလိုကြသည်။ ဥပမာအနေဖြင့် ဦးနေဝင်းဦးဆောင်ခဲ့သည့် မ-ဆ-လ အစိုးရက သူတို့၏နိုင်ငံရေးအယူဝါဒကို ကျောင်းသားများအား သွတ်သွင်းစေခဲ့သည်။ ကျွန်တော်၏ အမြင်အရ ဒီမိုကရေစီကူးပြောင်းရေးနှင့် လူမှုရေးတရားမျှတမှု (social justice) တို့အတွက် ပညာရေးကို ယာဉ်အဖြစ် အသုံးပြုခြင်းကိုကြိုဆိုပြီး နိုင်ငံရေးအယူဂါဒတစ်ခုခု သွတ်သွင်းခြင်းမျိုးကို ကန့်ကွက်ပါသည်။ သို့ဖြစ်၍ သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် နိုင်ငံရေးအယူဂါဒတစ်ခုခုက လွှမ်းမိုးမှုမရှိစေရန်အတွက် အာဏာချုပ်ကိုင် ထားသည့်လူတစ်စုကသာ ရေးဆွဲခြင်းမျိုးမဖြစ်စေဘဲ အတိုက်အခံနိုင်ငံရေး ပါတီအသီးသီးကို ကိုယ်စားပြု သူများလည်း ပါဂင်သင့်ပါသည်။

သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် နောက်ခံအမျိုးမျိုးရှိသူများ ပါဂင်ကြသော်လည်း အားလုံးနှင့်အကျုံးဂင်သည့် အခြေခံမှုများ ထားလေ့ရှိပါသည်။ အဆိုပါအခြေခံမှု (principle) များမှာ

- ကျောင်းသူ-ကျောင်းသား အားလုံး ပညာရေး အခွင့်အလမ်း တူညီစေရမည်။
- ဘဂတစ်လျှောက်လုံး အသုံးဂင်မည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ ပေးအပ်နိုင်ရမည်။
- လွတ်လပ်စွာ လေ့လာတင်ပြနိုင်ပြီး ရာသက်ပန်သင်ယူနိုင်သည့် အခွင့်အလမ်းများ ရှိစေရမည်။
- ကျောင်းသင်ခန်းစာများသည် လက်တွေ့ဘဂတွင် တကယ်ရှိနေသည့်အရာများ၊ အဖြစ်အပျက်များနှင့် အဆက်စပ်ရှိရမည်။
- ပညာရေးသည် ကျောင်းသူ-ကျောင်းသားများ၏ တန်ဖိုးထားမှုများကိုလည်း ဖော်ပြနိုင်ခွင့်ရှိစေရမည်။
- မတူကွဲပြားမှုများကို လေးစားခြင်း၊ တန်းတူညီမျှမှုကို တန်ဖိုးထားခြင်း၊ တာဂန်သိခြင်းနှင့် အရည်အသွေးပြည့်ဂသည့် နိုင်ငံသားများ ဖြစ်စေရမည်။

အထက်ပါ အခြေခံမှုများကို ကိုင်စွဲလျှက် စီးပွားရေး တရားမျှတမှုရှိသော၊ ယဉ်ကျေးမှုများကို တန်းတူတန်ဖိုးထားသော၊ သဘာဂပတ်ဂန်းကျင်ကို ထိန်းသိမ်းသော၊ ရေရှည် တည်တံ့၍ အကျိုးရှိမည့် ပညာရေးစနစ်မျိုးကို ဖော်ဆောင်ကြရန် ကမ္ဘာ့ကုလသမဂအဖွဲ့ကြီးက တိုက်တွန်းထားသည်။
ပညာရေးဖွံ့ဖြိုးသည့် နိုင်ငံများ၏သင်ရိုးညွှန်းတမ်းတွင် ကျောင်းသားများ သင်ယူရမည့် ဘာသာရပ်နယ်ပယ် ရှစ်မျိုးတွေ့ရှိပါသည်။

(၁) ဘာသာစကား

(၂) သင်္ချာ

(၃) သိပ္ပံ

(၄) လူမှုရေး ဘာသာရပ်များ (ပထဂီ၊ သမိုင်း။ လူမှုဆက်ဆံရေး.........)

(၅) စက်မှု၊ စိုက်ပျိုး၊ ဆက်သွယ်ရေး နည်းပညာ (ICT).........

(၆) ဂီတ အနုပညာ

(၇) ကျန်းမာရေးနှင့် အားကစား

(၈) နိုင်ငံသား ပညာရေး (civic citizenship education)

မြန်မာနိုင်ငံ ပညာရေး ပြုပြင်ပြောင်းလဲမှုတွင် သင်ရိုးညွှန်းတမ်းကဏ္ဍအတွက် အကြံပြုလိုသည်မှာ ပြည်သူ့လွှတ်တော်မှ ဦးဆောင်၍ သင်ရိုးညွှန်းတမ်းလမ်းညွှန် (မူကြမ်း) ရေးဆွဲရေး ကော်မတီတစ်ရပ် ဖွဲ့စည်းသင့်သည်။ အဆိုပါကော်မတီတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် ဒေသဆိုင်ရာ ကိုယ်စားပြုသူများ ပါဝင်သင့်သည်။ အဆိုပါကော်မတီက ဦးဆောင်၍ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သည့် ပညာရေးဆွေးနွေးပွဲတစ်ရပ် ကျင်းပသင့်သည်။ ဆွေးနွေးပွဲမှရရှိသော အကြံပြုချက်များကို အခြေခံလျှက် ကော်မတီက သင်ရိုးညွှန်းတမ်းလမ်းညွှန် (ပထမမူကြမ်း) ကို ရေးဆွဲမည်။ အဆိုပါမူကြမ်းကို သတင်းစာများ၊ စာစောင်များမှတဆင့် ပြည်သူလူထုထံ ချပြမည်။ ပြည်သူလူထု၏ တုံ့ပြန်ချက်များကို အခြေခံပြီး ဒုတိယမူကြမ်းရေးဆွဲမည်။ ဒုတိယမူကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြဆွေးနွေးမည်။ ပြည်သူလူထုနှင့်တကွ ပညာရေးနှင့်သက်ဆိုင်သူများထံမှ တင်ပြလာသောမူကြမ်းဖြစ်၍ လွှတ်တော်တွင်း၌ အငြင်းပွားစရာ နည်းနိုင်ပါသည်။ (ဥပမာ - စကော့တလန်တွင် သင်ရိုးညွှန်းတမ်း အသစ်ရေးဆွဲရာတွင် ဆွေးနွေးခြင်း၊ အကြမ်းရေးခြင်း၊ ပြည်သူသို့ချပြခြင်း၊ ပြင်ဆင်ရေးသားခြင်း၊ တင်ပြခြင်း စသည်တို့အတွက် အချိန်ကာလ တစ်နှစ်ကြာသည်ဟု သိရပါသည်။)

လွှတ်တော်မှ အတည်ပြုသည့် သင်ရိုးညွှန်းတမ်းလမ်းညွှန်သည် ပြည်နယ်နှင့် တိုင်းအသီးသီးနှင့် ကိုက်ညီမည့် အနိမ့်ဆုံးစံများသာဖြစ်သင့်သည်။ ပြည်နယ်နှင့် တိုင်းအသီးသီးသည် သင်ရိုးညွှန်းတမ်းဆိုင်ရာ လိုက်နာရမည့် စံများကိုအခြေခံလျက် သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို လွတ်လပ်စွာ လုပ်ဆောင်စေသင့်သည်။ ဆိုလိုသည်မှာ သက်ဆိုင်ရာပြည်နယ်၊ တိုင်း၊ ဒေသအသီးသီး၏ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် တန်ဖိုးထားမှုများကို သင်ရိုးညွှန်းတမ်းတွင် ဖြည့်စွက်နိုင်ခွင့်ရှိရမည်။ ဥပမာ- UK နိုင်ငံ၏ ဒေသကြီးလေးခုတွင် သင်ရိုးညွှန်းတမ်း သီးခြားစီဖြစ်သည်။ အင်္ဂလန်၊ စကော့တလန်၊ အိုင်ယာလန်နှင့် ဝေလဒေသလေးခုတွင် သင်ရိုးညွှန်းတမ်းနှင့် ဖတ်စာအုပ်များ မတူညီကြပါ။ စကော့တလန်ကျောင်းများသည် အင်္ဂလန်နှင့် ကျောင်းဖွဲ့စည်းပုံပါ ကွဲပြားသည်။ အင်္ဂလန်က မူလတန်းအဆင့်ကို ခြောက်နှစ်သတ်မှတ်ပြီး စကော့တလန်က ခုနစ်နှစ် သတ်မှတ်သည်။ ဝေလနယ်မှကျောင်းများသည် အင်္ဂလန်ကျောင်းများ၏ သင်ရိုးညွှန်းတမ်းနှင့် အခြေခံတူညီသော်လည်း ဝေလဘာသာစကားကို ထည့်သွင်းသင်ကြားသည်။ ပုဂ္ဂလိက ကျောင်းများကလည်း သင်ရိုးညွှန်းတမ်းကို ကိုယ်တိုင်ရေးဆွဲ၍ ပညာရေးဌာန၏ အတည်ပြုချက်ကို ရယူသည်။

ပြည်နယ်၊ တိုင်းနှင့် ဒေသအသီးသီးက ဒီမိုကရေစီနည်းကျ ပြဋ္ဌာန်းလိုက်သော သင်ရိုးညွှန်းတမ်း လမ်းညွှန်ကို စာသင်ကျောင်းများကလည်း လွတ်လပ်စွာ ဖွံ့ဖြိုးနိုင်ခွင့်ရှိစေရမည်။ သင်ရိုးညွှန်းတမ်း လမ်းညွှန်တွင် ဘာသာရပ်အသီး ၌ မည်သည့်အတန်းအဆင့်တွင် မည်သည့်အကြောင်းအရာများ သင်ယူပြီးဖြစ်ရမည်ဟု (attainment target) ပါရှိသည်။ သက်ဆိုင်ရာ ကျောင်းနှင့် ဆရာ၊ ဆရာမ များက ဖတ်စာအုပ်နှင့် သင်ခန်းစာများကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိသည်။ ဥပမာ- စင်္ကာပူနိုင်ငံတွင် လွတ်လပ်သည့် ပညာရေးအဖွဲ့အစည်းများက ဖတ်စာအုပ်အမျိုးမျိုးကို ရေးသားကြသည်။ ဆရာ၊ ဆရာမများက မိမိတို့ကျောင်းသားများနှင့် သင့်လျော်မည့် စာအုပ်များ၊ သင်ခန်းစာများကို ရွေးချယ်သင်ကြားကြသည်။ ဆရာ၊ ဆရာမ အရည်အချင်း ပြည့်ဝသည့် အမေရိကန်ကဲ့သို့သော နိုင်ငံများက ဆရာ၊ဆရာမ များသည် ကိုယ်တိုင် သင်ခန်းစာ ရေးဆွဲကြသည်။

သမိုင်း၊ ယဉ်ကျေးမှုအစရှိသည့် ဘာသာရပ်များကို ဒေသအလိုက် လွတ်လပ်စွာ ဖွံ့ဖြိုးခွင့်ရှိရေးသည် အရေးကြီးသည်။ ကျွန်တော်သည် နယ်စပ်ဒေသပညာရေးကို ဆယ်နှစ်ခန့်ဆောင်ရွက်ခဲ့သည့် အချိန်အတွင်း တိုင်းရင်းသားဒေသပညာရေးကို အနီးကပ် လေ့လာခွင့်ရခဲ့ပါသည်။ ဥပမာအနေဖြင့် မွန်အမျိုးသားကျောင်း များသည် မြန်မာအစိုးရပြဋ္ဌာန်းသည့် သမိုင်းသင်ခန်းစာများကို သင်ကြားခြင်းမရှိပါ။ အကြောင်းမှာ မြန်မာလူ မျိုးတို့၏ သူရဲကောင်းများဖြစ်သော ဘုရင့်နောင်၊ တပင်ရွှေထီး၊ အလောင်းဘုရား အစရှိသည့် ဘုရင်များ သည် မွန်ဒေသကို ကျူးကျော်သိမ်းပိုက်ခဲ့သော ရန်သူများအဖြစ် သတ်မှတ်သည်။ အဆိုပါဘုရင်များကို သူရဲကောင်းများအဖြစ် မွန်ကျောင်းများတွင် မသင်လိုကြပါ။ သို့ဖြစ်၍ ဒေသအလိုက် သင်ရိုးညွှန်းတမ်း လွတ်လပ်စွာ ဖွံ့ဖြိုးခွင့်ကို အလေးအနက်ထားသင့်ပါသည်။

ရှေ့လာမည့်အပတ်တွင် သင်ကြားရေးနှင့် သင်ယူရေးနည်းစနစ်များ ပြုပြင်ပြောင်းလဲရေး ကိစ္စကို ဆွေးနွေး ပါမည်။